# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၇)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၂ ရက် )

[ သောကြာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၄။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၄)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၃.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန် အစည်းအဝေးရဲ့ (၁၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြား တင်ပြပါမယ်။

ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ရေဘေးကယ်ဆယ်ရေး။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဇော်ဝင်း၊ မွန်(၁၀)၊ ဒေသ ဖွံ့ဖြိုးရေး။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဉာဏ်လင်း၊ ရှမ်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးအောင်ကျော်၊ တပ်မတော်၊ အရေးကြီးတာဝန်။ ဗိုလ်မှူးကျော်နိုင်ငွေး၊ တပ်မတော်၊ ကျန်းမာရေး။ ဗိုလ်မှူးရဲမင်းထွေး၊ တပ်မတော်၊ ကျန်းမာရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ ကိုယ်တိုင် ဆောင်ရွက်ရန်။ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များနဲ့ပတ်သက်ပြီး ခွင့်ပြုဖို့ လွှတ်တော်က သဘောတူ ပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၁)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၃၆)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

### ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာကို ဘက်ရဲမြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး ဖြစ်သဖြင့် မြို့၏ အင်္ဂါရပ်များနှင့် ဘက်စုံပြည့်စုံရေးအတွက် နိုင်ငံတော်မှ မြှင့်တင်ဖြည့်ဆည်းပေးမည့် အစီအစဉ်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ က ဧရာဝတီတိုင်းဒေသကြီး၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာကို ဘက်ရဲမြို့အဖြစ် တိုးမြှင့်သတ်မှတ်ပေးပြီး ဖြစ်သဖြင့် မြို့၏ အင်္ဂါရပ်များနှင့် ဘက်စုံပြည့်စုံရေးအတွက် နိုင်ငံတော်မှ မြှင့်တင်ဖြည့်ဆည်းပေးမယ့် အစီအစဉ်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးအား အမှူးထား၍ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးကို ကျွန်တော် လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော် ဧရာဝတီတိုင်း မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ အနေနဲ့ မေးမြန်းခွင့်ရတဲ့ မေးခွန်းကတော့ မြို့ရွာဖွံ့ဖြိုးရေးကိစ္စ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးမှာ ဟင်္သာတခရိုင်ဟာ မြောက်ပိုင်းခရိုင် ဖြစ်ပါတယ်။ မြောက်ပိုင်းခရိုင်ထဲမှာ ကြံခင်းမြို့နယ်ဟာ မြောက်ဘက်အဖျားဆုံးမြို့ ဖြစ်ပါတယ်။ ဒီမြို့နယ်ဟာ ပဲခူးတိုင်းနဲ့ ဧရာဝတီတိုင်းရဲ့အစပ် ဖြစ်ပြီးတော့ ဧရာဝတီတိုင်းထဲမှာ ဝင်ထွက်တဲ့ ကားလမ်း၊ ရထားလမ်း အားလုံးဟာ ဒီကြံခင်းမြို့နယ်ကိုဖြတ်ပြီးတော့ လာရသလိုပဲ ရေလမ်းကလည်း ကြံခင်းမြို့နယ် အကောက်တောင်ကို ဖြတ်ပြီးမှဧရာဝတီတိုင်းထဲကို ရောက်တာဖြစ်ပါတယ်။

ကြံခင်းမြို့နယ်ရဲ့ ယခင် ကျေးရွာအဆင့် ရှိခဲ့တဲ့ ဘက်ရဲကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနက ပြီးခဲ့တဲ့ ဆဋ္ဌမအကြိမ် အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုလွှတ်တော်မှာ မြို့အဆင့်ကို တိုးမြှင့်ပေးခဲ့တဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ လည်းကောင်း၊ ဒေသခံ၊ ဘက်ရဲဒေသခံ ပြည်သူများအနေနဲ့လည်းကောင်း ကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်လျက်ရှိပါတယ်။ ဒီမြို့အဆင့်ရောက်လာတဲ့ ဘက်ရဲမြို့ဟာ ကျွန်တော် တင်ပြခဲ့သလိုပဲ ဧရာဝတီတိုင်းရဲ့မြောက်ဘက်ဆုံးကျပြီးတော့ ပဲခူးတိုင်းဒေသကြီးနဲ့ ကားလမ်း၊ ရထားလမ်းဆုံဖြစ်ရာ ဝင်ပေါက်သာမကဟင်္သာတ၊ မြို့ကွင်း၊ မြန်အောင် ကနေ မကွေးကိုတက်တဲ့၊ ပြည်ကို တက်တဲ့ ကားလမ်းကြီးနဲ့ ပုသိမ်၊ ရေဦး၊ မုံရွာလမ်းကြီးရဲ့ ဆုံရာ ဖြစ်ပါတယ်။ ဘက်ရဲမြို့ရဲ့ အုတ်ပုံဂိတ်ဟာဆိုလို့ရှိရင် ကျွန်တော်တို့တိုင်းနဲ့ ပဲခူးတိုင်းရဲ့ လုံခြုံရေးကိစ္စများကို စိစစ်တဲ့ စုပေါင်းစစ်ဆေးရေးဂိတ်ရှိရာ ဒေသလည်းဖြစ်ပါတယ်။ အချက်အချာကျတဲ့ အတွက်ကြောင့်လည်း သက်ဆိုင်ရာဌာနက ဒါမြို့အဆင့်တိုးပေးတယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဘက်ရဲမြို့ဟာ မြို့အဖြစ် ရောက်လာပြီးတဲ့နောက်လိုအပ်ချက် ကလေးတွေ ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ လျှပ်စစ်မီး၊ ရေသန့်ရှင်းရေး ကိစ္စများ ဖြစ်ပါတယ်။ လမ်းပန်းနဲ့ ပတ်သက်ရင် မြို့တွင်းလမ်းမှာဆိုရင်မြို့အဝင်လမ်းလေးတစ်ခုပဲ၊ ကျွန်တော်တို့ (၂)ဖာလုံလောက်ပဲ ကတ္တရာရှိပြီး ကျန်တာကတော့ကျောက်ချောလမ်း အဆင့်ပဲ ရှိပါတယ်။

အဆိုးဆုံးကတော့ မြို့မှာ ကျွန်တော်တို့ ရေနုတ်မြောင်းစနစ် မရှိပါဘူး။ လမ်းဘေးဝဲ/ယာမှာရေနုတ်မြောင်းစနစ် မရှိပါဘူး။ မရှိတဲ့အတွက်ကြောင့် အခုအချိန်ဆိုရင် မိုးများတဲ့အခါမှာ ရပ်ကွက်များရေမြုပ်ပါတယ်။ အထူးသဖြင့် မြို့သစ်ရပ်ကွက်ဟာ အခုဆိုရင် ရေမြုပ်နေလျက် ရှိပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့ ဆက်သွယ်ရေးကိစ္စ ဖြစ်ပါတယ်။ ဆက်သွယ်ရေးက ကျွန်တော်တို့အိပ်ချိန်းတစ်ခု ရှိပါတယ်။ တယ်လီဖုန်းတစ်လုံးပါတဲ့ အိပ်ချိန်းတစ်လုံး ရှိပါတယ်။ အဲဒီဒေသခံတွေဟာ ကြံခင်းမြို့နယ်အတွက်ရတဲ့ GSM ဖုန်းခွဲတမ်းထဲက သူတို့ရတဲ့ ခွဲတမ်းကို အပြည့်အဝ ဝယ်ယူအားပေးပေမယ့်လည်း မြို့ရဲ့အပြင် ရောက်သွားတဲ့အတွက်ကြောင့် GSM ဆက်သွယ်လို့ မရပါဘူး။ ကျွန်တော်တို့ဒီက၊ ကြံခင်းက သွားလို့ရှိရင် ဘီလပ်မြေစက်ရုံရှိတဲ့နေရာကို ချင်းမြောင်လို့ ခေါ်ပါတယ်။

အဲဒီချင်းမြှောင် ဟိုဘက်မှာ ဖုန်း မမိပါဘူး။ ကျွန်တော်တို့ ကိုယ်တိုင်လည်း အဲဒီဘက်မှာ ဖုန်းသုံးလို့ မရပါဘူး။ ဒါကြောင့် အဲဒီမှာ ရက်ပီတာလို့ခေါ်မလားမသိဘူး။ ထပ်ဆင့်လွှင့်နိုင်တဲ့ တိုင်တစ်တိုင်တော့ လိုမယ်လို့ ကျွန်တော်တို့ သွားတွေ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့ ဆေးရုံ၊ ဆေးရုံဟာ ဖွဲ့စည်းပုံဟောင်းဖြစ်ပါတယ်။ တိုက်နယ်ဆေးရုံရှိပါတယ်။ သို့သော် ကျွန်တော်တို့ ဖွဲ့စည်းပုံဟောင်းဖြစ်တဲ့အတွက်ကြောင့် ဓာတ်မှန်ခန်း အခုထက်ထိ မရရှိသေးတာ တွေ့ရပါတယ်။ ၁၉၅၄ ခုနှစ်ကတည်းက ကျခဲ့တဲ့ ဒေသန္တရဆေးပေးခန်း အခုဆိုရင် အနှစ်(၆၀)ကျော်ပါပြီ။ ဒီဆေးပေးခန်းဟာ နှစ်ကြာတဲ့အခါမှာ ပျက်စီးလျက်ရှိပါတယ်။

ဝန်ထမ်းရှိသော်လည်း ဆေးခန်းဟာ ပျက်စီးနေတာ ကျွန်တော်တို့ သွားတွေ့ပါတယ်။ အလားတူပဲ ကျွန်တော်တို့ မြို့ဖြစ်လာတဲ့ အတွက်ကြောင့် မြို့လျှပ်စစ်ရုံးလိုမှာ ဖြစ်ပါတယ်။ စည်ပင်သာယာ ဈေးကောက်ရုံးလိုမှာ ဖြစ်ပါတယ်။ ကိုယ်ထူကိုယ်ထ ဆောင်ရွက်ထားတဲ့ စာကြည့်တိုက်ရှိပေမယ့် ပြန်/ဆက်က တာဝန်ယူတဲ့ စာကြည့်တိုက်တော့ မဟုတ်ပါဘူး။ အလားတူ ဒေသခံများရဲ့ တက်ကြွမှုကြောင့် အရန်မီးသတ်တပ်ဖွဲ့နဲ့ မီးသတ်ယာဥ်များကို တစ်စီး စီစဥ်ထားတာ ရှိပါတယ်။ သို့သော် မီးသတ်ဖွဲ့စည်းပုံနဲ့ ရုံးလေးလိုပါတယ်။ အဲဒီအချက်တွေအားလုံးကို နိုင်ငံတော်ဘက်က မြို့အင်္ဂါရပ်နဲ့ ပြည့်စုံအောင် စီစဥ်ပေးနိုင်မယ့် အစီအစဥ်များကို မဲဆန္ဒရှင် ဘက်ရဲ ဒေသခံ ပြည်သူများက မျှော်လင့်တောင့်တလျက် ရှိတဲ့အတွက်ကြောင့် ကျွန်တော့်အနေနဲ့ ပြည်သူများ ကိုယ်စား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၄)၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၀။**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန - ၄)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော် သမ္မတရုံးဝန်ကြီးဌာနအမှတ်(၄)မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၆)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ရီ မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်း ဖြေဆိုသွားမှာ ဖြစ်ပါတယ်။

၎င်းမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာအုပ်စုဟာ တိုက်နယ်ရွာကြီး ဖြစ်ပြီးတော့ အိမ်ခြေ(၁၃၉၂)၊ လူဦးရေ(၅၂၈၆) နေထိုင်ပြီးတော့ ရောင်းဝယ်ဖောက်ကား စည်ကားနေတဲ့ဒေသဖြစ်ပါတယ်။ တိုက်နယ်ကျေးရွာကြီး ဖြစ်တာနဲ့အညီ (၁၆)ခုတင်ဆံ့ တိုက်နယ် ဆေးရုံတစ်ရုံ၊ ကျေးလက်ကျန်းမာရေးဌာန(၁)ခု၊ အထက်တန်းကျောင်း(၁)ကျောင်း၊ ကြေးနန်းနဲ့ ပူးတွဲလျက် အဆင့်(၃)စာတိုက်တစ်ခုရှိပါတယ်။ ဘက်ရဲ နယ်မြေရဲစခန်း(၁)ခုနဲ့ အုပ်ချုပ်ရေးမှူးရုံး

တို့လည်း တည်ရှိပြီးဖြစ်ပါတယ်။ ဆိုင်ခန်း(၁၂၉)ခန်းရှိတဲ့ စည်ပင်သာယာဈေးနဲ့ အရန်မီးသတ် တပ်ဖွဲ့စခန်း၊ လူမှုဝန်ထမ်း အထောက်အပံ့ရရှိတဲ့ မူလတန်းကြိုကျောင်းတို့လည်း ရှိပါတယ်။ တစ်စနဲ့တစ်စ မြို့ပြကဲ့သို့ ဖွံ့ဖြိုးတိုးတက်လာတဲ့ တိုက်နယ်ကျေးရွာကြီး ဖြစ်တဲ့အတွက်ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာနက ၈-၃-၂၀၁၃ ရက်နေ့မှာ အမိန့်ကြော်ငြာစာ၊ ၁၇၉/၂၀၁၃ ထုတ်ပြန်ပြီးတော့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲကျေးရွာအုပ်စုမှ ဘက်ရဲကျေးရွာကို ဘက်ရဲမြို့အဖြစ် အောက်ပါအတိုင်း တိုးမြှင့်ပေးခဲ့ပါတယ်။

(က) ဘက်ရဲမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက် (ခ) ဘက်ရဲကျေးရွာအုပ်စုမှာ ကျန်ရှိတဲ့ ကျေးရွာ(၉)ရွာကို ကိုးအင်းကျေးရွာအုပ်စုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပါတယ်။ ယင်းသို့ ဘက်ရဲကျေးရွာအုပ်စုကို ဘက်ရဲမြို့ အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက်နဲ့ ကိုးအင်းကျေးရွာ အုပ်စု အဖြစ် အဆင့်တိုးမြှင့်ပြင်ဆင် ဖွဲ့စည်းလိုက်တဲ့အတွက် ကြံခင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအနေနဲ့ အုပ်ချုပ်ရေးမှူးရုံး (၃)ရုံး ပြင်ဆင်ဖွဲ့စည်းနိုင်ရန် ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အုပ်ချုပ်ရေးမှူးများကို ရွေးချယ်ခန့်ထား တာဝန်ပေးပြီးလည်း ဖြစ်ပါတယ်။ ထပ်မံလိုအပ်လာတဲ့ ရပ်ကွက်ကျေးရွာအုပ်စု စာရေး(၂)ဦးကိုလည်း ကြံခင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရဲ့ ဝန်ထမ်းဖွဲ့စည်းပုံတိုးချဲ့ပေးရန်နဲ့ စာရေးဝန်ထမ်း(၂)ဦး ခန့်ထား ခွင့်ပြုရန် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အဆင့်ဆင့် တင်ပြထားပြီးဖြစ်ပါတယ်။

လျှပ်စစ်ကဏ္ဍအနေနဲ့ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့ကို ကြံခင်းမြို့ကနေပြီးတော့ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း (၈)မိုင်နဲ့ ဓာတ်အားပေးထားခဲ့ပြီးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဘက်ရဲမြို့မှာ (၃၁၅)ကေဗွီအေ တစ်လုံးနဲ့ (၁၁/၀၄)ကေဗွီအေ ထရန်စဖော်မာ တစ်လုံး စုစုပေါင်း ထရန်စဖော်မာ (၂)လုံးနဲ့ ဓာတ်အားဖြန့်ဖြူးပေးလျက်ရှိပါတယ်။ အဆိုပါ ထရန်စဖော်မာများဟာ ဘက်ရဲမြို့ပေါ်မှာရှိတဲ့ ရပ်ကွက်(၁)၊ (၂) ကြက်လျှာစွန်းကျေးရွာ၊ ကြို့ကုန်းကျေးရွာ၊ နွှာကုန်းကျေးရွာ၊ မကျီးကုန်းကျေးရွာ၊ မကျီးစု၊ လက်ပန်တိုက်၊ ကိုးအင်းနဲ့ အုပ်ရှစ်တောင်ကျေးရွာများကို ဓာတ်အား ဖြန့်ဖြူးပေးလျက် ရှိပါတယ်။ ဘက်ရဲမြို့မှာ အထွေထွေသုံးအိမ်မီတာ(၉၀၅)လုံးနဲ့ စက်မှုသုံးမီတာ(၆)လုံး၊ စုစုပေါင်း မီးသုံးသူဦးရေဟာ (၉၁၁)ဦးရှိပြီးတော့ ၂၀၁၃-၂၀၁၄ခု ဘဏ္ဍာရေးနှစ်မှာ ကြံခင်း - ဘက်ရဲ (၁၁)ကေဗွီအေ ဓာတ်အားလိုင်း(၈)မိုင်ကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ငွေလုံးငွေရင်း အသုံးစရိတ် ခေါင်းစဉ်နဲ့ (၁၀)မီတာ ကွန်ကရစ်တိုင်(၁၅၁)၊ သံလက်ဒိုင်း ACSR (၉၅)မီလီမီတာဖြင့် (၅.၅)မိုင်ခန့် လဲလှယ်ဆောင်ရွက် သွားရန်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်သွယ်ရေးအနေနဲ့ မြန်မာ့ဆက်သွယ်ရေးကဏ္ဍနဲ့ ပတ်သက်ပြီးတော့ ဘက်ရဲမြို့မှာ လက်ရှိအနေအထားအရ လက်လှည့်စက်ခုံ ဆက်သွယ်ရေးစနစ် တပ်ဆင်ထားပြီးတော့ တယ်လီဖုန်း သုံးစွဲသူဦးရေ (၈၀)ကို မြို့တွင်း/နယ်ဝေး ပြောဆိုနိုင်ရန် ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ မိုဘိုင်း ဆက်သွယ်ရေးအနေနဲ့ ယခုနှစ် ဘဏ္ဍာရေးနှစ် ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း GSM စခန်း တည်ဆောက်ရန် လျာထားပြီးဖြစ်ပါတယ်။ စခန်းတည်ဆောက်ရန်မြေနေရာ၊ လျှပ်စစ်မီးချိတ် အသုံးပြုရန် ပါဝါများလည်း စီစဉ်ပြီး ဖြစ်တဲ့အတွက်ကြောင့် လျင်မြန်စွာ အကောင်အထည်ဖော်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

စည်ပင်သာယာရေးလုပ်ငန်းအနေနဲ့ ဘက်ရဲမြို့ မြို့အင်္ဂါရပ်နဲ့အညီ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေကို ဆက်လက် တင်ပြပါမယ်။ ဘက်ရဲမြို့နဲ့ တိုက်နယ်အတွင်း ကျေးရွာအုပ်စုများမှာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အခွန်အခကောက်ခံပြီးတော့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ နှစ်စဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ဘက်ရဲတိုက်နယ်မှ (၅)နှစ် ပျမ်းမျှကောက်ခံရရှိတဲ့ အခွန်ရငွေဟာ သိန်း(၂၃၀) ရရှိပြီးတော့ လမ်းတံတားလုပ်ငန်းများ၊ ရေရရှိရေးနဲ့ သန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လမ်းပန်းဆက်သွယ်ရေးအနေနဲ့ ဘက်ရဲမြို့တွင်း လမ်းပန်းဆက်သွယ်ရေးချောမွေ့စေရန် ဘက်ရဲမြို့ဝင် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းကို (၇၈၅၆)သိန်း၊ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း(၁၂)သိန်း၊ ဘက်ရဲ Box Culvert ပြုလုပ်ခြင်း(၉.၈)သိန်း၊ ဘက်ရဲမြို့အဝင်တံတား(၄)ပေ တိုးချဲ့ခြင်း(၂.၁၄)သိန်း၊ Box Culvert ပြုလုပ်ခြင်း (၉.၉၈)သိန်း၊ ဘက်ရဲကိုးအင်းတံတား တည်ဆောက်ခြင်းလုပ်ငန်း(၄၀၀.၈၅)သိန်း လုပ်ငန်းများကို မြို့ပေါ်မှာ ဆောင်ရွက်လျက်ရှိပြီးတော့ ကျေးလက်ဒေသဖြစ်တဲ့ လူပျိုတော်စု၊ ကညင်တော Box Culvert တည်ဆောက်ခြင်းလုပ်ငန်းအတွက် (၉.၇၈)သိန်း၊ ဘက်ရဲဈေးနဲ့ လမ်းကွန်ကရစ် ခင်းခြင်းလုပ်ငန်းကို (၁၄)သိန်း၊ ဈေးတွင်းမိလ္လာပြုပြင်ခြင်းလုပ်ငန်းကို(၄.၅)သိန်းနဲ့ ဆောင်ရွက်ပေး ခဲ့ပြီးဖြစ်ပါတယ်။

ရေရရှိရေး ဆောင်ရွက်မှုအနေနဲ့ ရေပေးရေးလုပ်ငန်းအဖြစ် ဘက်ရဲဈေးမှာ သံကူကွန်ကရစ်ရေစင်၊ ရေစည်၊ ရေစက်ရုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက်(၂၂.၀၉)သိန်း ဆောင်ရွက်ခဲ့ပြီးတော့ ဘက်ရဲတိုက်နယ် ကျေးလက်ဒေသဖြစ်တဲ့ တပ်ခုန်ကျေးရွာ၊ ရေငန်ကျေးရွာ၊ ကြည်တိုင်ကွင်းကျေးရွာနဲ့ အုတ်ပုံကျေးရွာ၊ ကျော်ငိုကျေးရွာ၊ သန်းပင်ကျေးရွာ၊ ကြပ်ကွင်းကျေးရွာနဲ့ ကွင်းကြီးကျေးရွာများမှာ ရေရရှိရေးလုပ်ငန်းများကို (၁၄၅.၅၉)သိန်း ကျခံသုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ သန့်ရှင်းရေးလုပ်ငန်းအနေနဲ့ ဘက်ရဲဈေးထဲမှာရှိတဲ့ အမှိုက်များကို အမှိုက်ကန်ဖြင့် စုဆောင်းထားပြီးတော့ မြို့ပေါ်မှ သန့်ရှင်းရေးယာဉ်တစ်စီးဖြင့် သန့်ရှင်းရေးဝန်ထမ်း(၄)ဦးနဲ့ အပတ်စဉ် သိမ်းဆည်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ အဖွဲ့မှာ ညစောင့်တစ်ဦး ခန့်ထားပြီးတော့ ဈေးကော်မတီမှ လုံခြုံရေးဝန်ထမ်းတစ်ဦးနဲ့ ညလုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက် ရှိပါတယ်။

စည်ပင်သာယာရေးလုပ်ငန်းအနေနဲ့ ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ အဖွဲ့ရန်ပုံငွေနဲ့ ဘက်ရဲကိုးအင်းတံတား တည်ဆောက်ခြင်းလုပ်ငန်းကို (၁၀၀.၇၀)သိန်း၊ အမှတ်(၁)ရပ်ကွက် ချောင်းကူးတံတားတည်ဆောက်ခြင်းလုပ်ငန်းကို (၆၃.၉၀)သိန်း၊ ကြို့ပင်စု၊ ကန်ရွာ၊ ထန်းပင်ကုန်း၊ ကျောက်ပါးစပ်ကျေးရွာချင်းဆက်တဲ့လမ်း၊ မြေသားလမ်းကို (၂.၇)မိုင် လုပ်ငန်း၊ အုတ်တွင်းကျေးရွာ Box Culvert (၂)ခုပြုလုပ်ခြင်း၊ ချောင်းချောက်ခင်းခြင်းလုပ်ငန်း၊ ပေါက်ငယ်စမ်းကျေးရွာ၊ ဆီဆိုင်ကွင်းကျေးရွာ၊ အေးချမ်းမာလာကျေးရွာများမှာ မြေသားမိုးရေ ကန်များ ရေလှောင်ကန်လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက်ကို မြို့ပေါ်ရပ်ကွက်များမှာ လက်ရှိ ကောက်ခံလျက်ရှိတဲ့ အဆောက်အဦများအပြင် သန့်ရှင်းရေးခွန် တိုးမြှင့်ကောက်ခံရရှိရေး စီမံချက် ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပြီးတော့ တိုးမြှင့်ရရှိလာတဲ့ အခွန်ငွေရရှိမှုအပေါ် မူတည်ပြီးတော့၊ သန့်ရှင်းရေးဝန်ထမ်းများ ခန့်ထားပြီးတော့ မြို့ပေါ် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါ

ကြောင်းနှင့် ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက်များ ရေးဆွဲဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေနဲ့ ဘက်ရဲမြို့ကို ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်မှာ ဆောင်ရွက်ပြီးစီးမှုနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ဆက်လက်ဆောင်ရွက်မယ့် လုပ်ငန်းများကို တင်ပြအပ်ပါတယ်။ (က) ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွင်းမှာ (၁) ကြံခင်း-ဘက်ရဲလမ်း (၁)မိုင်နဲ့ (၂)ဖာလုံ၊ (၁၆)ပေအကျယ် ကတ္တရာလမ်းကို (၁)ပေ x (၂)ပေ ကျောက်တုံး(၃)လက်မထုနဲ့ (၁)လက်မ၊ (၂)လက်မကျောက် (၃)လက်မထုနဲ့ လမ်း အနိမ့်/ အမြင့် မြေညှိပြီးတော့ ကတ္တရာလောင်းခြင်း၊ ကတ္တရာရေပိတ်လွှာ လောင်းခြင်းလုပ်ငန်းကို (၃၄.၂၀)သန်း၊ ကြံခင်း-ဘက်ရဲလမ်း (၁)လက်မ၊ (၂)လက်မကျောက်နဲ့ (၃)လက်မထု လမ်း အနိမ့်/ အမြင့်ညှိခြင်းနဲ့ ခွဲကျောက်(၃)လက်မထုနဲ့ လမ်းပေါက်ဖာထေးခြင်းကို၊ ကတ္တရာလမ်းရေပိတ်လွှာ လောင်းခြင်းကို (၄၁.၄၆)သန်း၊ ကြံခင်း-ဘက်ရဲလမ်း (၆)မိုင်(၃)ဖာလုံ ကနေပြီးတော့ (၉)မိုင် (၃)ဖာလုံ အတွင်း ပျက်စီးနေတဲ့ လမ်းချိုင့်ပေါက်ကြီးများကို မိုးတွင်းကာလမှာ (၂)လက်မ (၄)လက်မ ကျောက်ကြီးနဲ့ (၆)လက်မထု ခင်းပြီးတော့ (၁)လက်မ၊ (၂)လက်မ ခွဲကျောက်များ ဖြည့်ညှပ်ပြီးတော့ ချောင်းချောက်ထု(၃)လက်မထု ခင်းခြင်းလုပ်ငန်းကို (၄)သန်း၊ ကြံခင်း-ဘက်ရဲလမ်း (၀.၆)ဖာလုံကနေ ပြီးတော့ (၉)မိုင်(၃)ဖာလုံအတွင်း သာမန်ပြင်ဆင်ခြင်းဟာ (၄.၃၁၂)သန်း၊ ကြံခင်း-ဘက်ရဲလမ်း စုစုပေါင်း(၁)မိုင်နဲ့ (၁)ဖာလုံလမ်း အလိမ်အစောင်းများ ပြုပြင်ခြင်းကို (၅၀.၀၀)သန်း၊ ကြံခင်း-ဘက်ရဲလမ်း (၆)ဖာလုံကနေပြီးတော့ (၉)မိုင်(၃)ဖာလုံအတွင်း သာမန် ပြင်ဆင်ခြင်းဟာ (၄.၃၁၂)သန်း ရန်ပုံငွေချထားပြီးဖြစ်ပါတယ်။ မီးသတ်အနေနဲ့ ကြံခင်းမြို့နယ် ဘက်ရဲမြို့ဟာ အရန်မီးသတ်တပ်ဖွဲ့ စခန်း တည်ရှိတဲ့ မြို့ဖြစ်ပါတယ်။ ရေဂါလံ (၆၀၀)ဆံ့ ပြုပြင် တည်ဆောက်ထားတဲ့ ဟွန်ဒါအမျိုးအစား မီးသတ်ယာဉ်တစ်စီးလည်း ရှိပါတယ်။

အစိုးရမီးသတ်တပ်ဖွဲ့စခန်း ရရှိမှာဖြစ်ပြီးတော့ မကြာခင်အချိန်အတွင်းမှာ ဖွဲ့စည်းပုံအတိုင်း သန္တေမီးသတ်တပ်ဖွဲ့ဝင်များ ခန့်ထားပေးရန် အစီအစဉ်ရှိကြောင်း သိရှိရပါတယ်။ မူကြိုကျောင်းအနေနဲ့ တာဝန်ခံဆရာမတစ်ဦး၊ စာသင်ဆရာမတစ်ဦး၊ အရန်ဆရာမတစ်ဦး ကျောင်းသား၊ ကျောင်းသူ (၅၁)ဦးရှိတဲ့ လူမှုဝန်ထမ်းဦးစီးဌာနမှ အသိအမှတ်ပြုတဲ့ မူလတန်းကြိုကျောင်းတစ်ကျောင်း ရှိပါတယ်။ အလျား(၄၀)ပေ၊ အနံ(၃၆)ပေ ရှိပြီးတော့ အဆောက်အဦမြေကို အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနမှ ဥပဒေနဲ့အညီ မြေပေးမိန့်ထုတ်ပေးထားပြီးတော့ မိဘပြည်သူများအနေနဲ့ ကိုယ့်အားကိုယ်ကိုး အုတ်တိုက်အဆောက်အဦ ဆောက်လုပ်ပေးခဲ့ပါတယ်။ အဆောက်အဦ တန်ဖိုးမှာ (၁၄၅)သိန်းခန့် ခန့်မှန်းကုန်ကျပါတယ်။ သို့ဖြစ်တဲ့အတွက်ကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်၊ ဘက်ရဲမြို့ကို လမ်းပန်းဆက်သွယ်ရေး၊ ဝန်ထမ်းဖွဲ့စည်းပုံ၊ လျှပ်စစ်မီး၊ ရေနှင့် သန့်ရှင်းရေး လုပ်ငန်းများမှအစ မြို့အင်္ဂါရပ်နဲ့အညီ ဘက်စုံပြည့်စုံရေးအတွက်ကို နိုင်ငံတော်မှ မြှင့်တင်ဖြည့်ဆည်းပေးခဲ့ပြီးတော့ ဆက်လက်ဖြည့်ဆည်းပေးမယ့် အစီအစဉ်များကိုလည်း ပြုစုတင်ပြ အစီရင်ခံအပ်ပါတယ်။ ဖြည့်စွက်ပြီး တင်ပြရမယ်ဆိုရင် ဘက်ရဲမြို့ကို မြို့နယ်ခွဲ ရုံးစိုက်တဲ့ မြို့အဖြစ် ဆက်လက်အဆင့်ဆင့် တိုးမြှင့်ပေးမည်ဆိုပါက မြို့နယ်ခွဲ အုပ်ချုပ်ရေးရုံးစိုက်တဲ့ မြို့ ဖြစ်လာမှာဖြစ်ပြီးတော့ နိုင်ငံတော် သတ်မှတ်ထားတဲ့ အစိုးရရုံးဌာနများ အခြေစိုက်လာမှာ ဖြစ်ပါတယ်။ လောလောဆယ်မှာ

ကြံခင်းမြို့နယ်ဟာ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ (၂၆)မြို့နယ် ရှိသည့်အနက် လူဦးရေ (၁)သိန်း မပြည့်တဲ့ အငယ်ဆုံးမြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကြံခင်း -ဘက်ရဲလမ်း၊ ပုသိမ်-မုံရွာလမ်းတို့ ဆုံရာအနီးမှာ ဘက်ရဲမြို့ တည်ရှိပြီးတော့ ကြံခင်းမြို့ကနေပြီးတော့(၈)မိုင်သာ ကွာဝေးတဲ့အတွက် ကြောင့် အုပ်ချုပ်ရေး လက်လှမ်းမီတဲ့ ဒေသဖြစ်ပါတယ်။ မြို့နယ်ခွဲအဆင့် တိုးမြှင့်ပေးရန် အချိန် ကာလအတန်သင့် ကြာဦးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်လျက်ရှိသော ဆောမြို့နယ် လောင်းရှည်ဒေသရှိ ပေါက်ပန်ဆိုင်း၊ ၄က်ပြာကျင်း၊ ငလယ်ခုံကျေးရွာများရှိ ဒေသခံပြည်သူများ ပြောင်းရွှေ့နေရာချထားရေး အတွက် မည်ကဲ့သို့သော အစီအမံများ ပြုလုပ်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်လျက်ရှိသော ဆောမြို့နယ် လောင်းရှည်ဒေသရှိ ပေါက်ပန်ဆိုင်း၊ ၄က်ပြာကျင်း၊ ငလယ်ခုံကျေးရွာများရှိ ဒေသခံပြည်သူများ ပြောင်းရွှေ့နေရာချ ထားရေးအတွက် မည်ကဲ့သို့သော အစီအမံများ ပြုလုပ်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီး များနဲ့ ကြွရောက်လာသော အကြံပေးပညာရှင်ကြီးများကို ကျက်သရေ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီးအမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။ ကျွန်တော် တင်ပြမေးမြန်းလိုတဲ့ အကြောင်းအရာကတော့ အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်လျက်ရှိတဲ့ ဆောမြို့နယ် လောင်းရှည်ဒေသမှာရှိတဲ့ ပေါက်ပန်ဆိုင်း၊ ၄က်ပြာကျင်း၊ ငလယ်ခုံကျေးရွာများမှာရှိတဲ့ ဒေသခံပြည်သူများ ပြောင်းရွှေ့နေရာချထားရေးအတွက် မည်ကဲ့သို့သော အစီအမံများ ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း ဟူ၍ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ကာကွယ်ရေးအတွက် ကာကွယ်ရေး ပစ္စည်းစက်ရုံများ တည်ဆောက်ရမည်မှာ မလွှဲမသွေ ဖြစ်ပါတယ်။ အဲဒီအတွက်လည်း စက်ရုံဧရိယာမှာ ပါဝင်တဲ့ ရွာတွေကို ပြောင်းရွှေ့ရမှာ မှန်ပါတယ်။ ဒါပေမဲ့ သူတို့ ပြောင်းရွှေ့ရမယ် ဆိုရင်တော့ တစ်ဖက် နေရာမှာ ရေကန်အသင့် ကြာအသင့် ဖန်တီးပေးပြီးမှ ပြောင်းရွှေ့လုပ်ကိုင်သင့်တယ်လို့ ကျွန်တော့် အနေနဲ့ ယူဆပါတယ်။ လျော်ကြေးပေးရုံနဲ့လည်း လုံလောက်မှာ မဟုတ်ပါဘူး။ တောင်သူဆိုတာ မြေရှိမှ ဘဝရပ်တည်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီအတွက် မြေယာများ ဖော်ထုတ်ပေးတာတို့ နေစရာ အိမ်ရာတွေ စသဖြင့် ကျွန်တော်တို့ ဂန့်ဂေါခရိုင် တစ်နယ်တည်းမှာပဲရှိတဲ့ မြစ်သာတမံ ရေမြုပ်ရွာများ ကဲ့သို့ အိမ်ရာများ၊ လယ်ယာမြေများ ဖော်ထုတ်ပေးမယ်ဆိုရင် ပိုပြီးတော့ သင့်လျော်ပါတယ်။ ဘာဖြစ် လို့လဲဆိုတော့ သူတို့က ဆွေမျိုးတွေဆိုတော့ ဟိုမှာတော့ ဒီလို လုပ်ပေးနေပြီ ဒီမှာတော့ ဘာမှလည်း

မလုပ်ပေးသေးဘူးဆိုပြီးတော့ တစ်ယောက်နဲ့တစ်ယောက်က ပြောကြတဲ့အခါကျတော့ အဲဒီဟာတွေကို ကျွန်တော်တို့က အခု သူတို့ ဥက္ကဋ္ဌကြီးခင်ဗျား ကျွန်တော်တို့ အဲဒီနေရာမှာက လောင်းရှည်ဒေသမှာ ရှိတဲ့ မြေက တကယ့် ချောင်းကြိုမြောင်းကြားမှာ မြေပြန့်ဆိုတာ အင်မတန် ရှားပါတယ်။ ကျွန်တော်တို့ အဲဒီမှာရှိတဲ့ လယ်ယာတွေဆိုတာက ဧရာဝတီတိုင်းတို့၊ ပဲခူးတိုင်းတို့လို တစ်မျှော်တစ်ခေါ်ကြီး လယ်ကွင်းတွေ မဟုတ်ပါဘူး။ အကြိုအကြားလေးတွေမှာ လုပ်ထားတာ ဖြစ်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ လမ်းမကြီး(၅)ခု ဖောက်လိုက်တဲ့အခါမှာ အကုန်လုံးနီးပါး ပါသွားတော့ တော်တော်လေးတော့ စားရေးသောက်ရေး ခက်ခဲပါတယ်။ ကျွန်တော်တို့လည်း ကွင်းဆင်းပြီး ရောက်ရှိတဲ့အခါမှာ ကျွန်တော်လည်း အဲဒီတုန်းက ကားပျက်လို့ ရောက်တော့ ပိုက်ဆံလည်း သိပ်မပါတော့ အဲဒီမှာ တော်တော်လေး စားဝတ်နေရေး ခက်ခဲနေတဲ့ အိမ်ထောင်စုတစ်စုကို ဆန်တစ်အိတ်ပဲ ထောက်ပံ့ပေးနိုင်ခဲ့ပါတယ်။ အဲဒါ သူတို့ ပြောင်းရွှေ့ဖို့နေရာတော့ ရှိတယ်ဆိုတော့ ကျွန်တော်တို့လည်း ညှိနှိုင်းခဲ့ပါတယ်။ ဟိုဘက်မှာ သေချာလေး သူတို့ကို ဖော်ထုတ်ပေးပြီးမှ ပြောင်းရင် ကောင်းမယ်။ သူတို့ကို အခု သွားတော့ ဆိုတဲ့အချိန်မှာ ဘယ်လိုလုပ် သွားမလဲ၊ သူတို့ ဘာနဲ့စားမလဲ၊ ဒီလိုမျိုး ကျွန်တော်တို့ စဉ်းစားသင့်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ အဲဒီမှာရှိတဲ့ ကန်ထရိုက်ရတဲ့ AMC ကုမ္ပဏီကလည်း စာနာစိတ် ကင်းမဲ့စွာနဲ့ မြေယာတွေကို အတင်းထိုးပြီးတော့ ဖယ် ဖယ်ဆိုပြီးတော့ အတင်းဖယ်ခိုင်းပြီးတော့ ထိုးတဲ့ သဘောရှိတယ်။ အဲဒီတော့ အဲဒီမှာ ကျွန်တော်တို့ အခုချိန်မှာ မိုးတွင်းမှာဆိုရင် တောင်ကျရေရှိတဲ့ဘက်မှာတော့ ကျန်ခဲ့သေးတဲ့ မြေတွေက ရေမြုပ်နေပြီးတော့ ဟိုဘက်က လမ်းကြီးရဲ့ ဒီဘက်မှာရှိတဲ့ လမ်းကလည်း (၅)လမ်းကြီးဆိုတော့ အင်မတန် အကြီးကြီး ကျွန်တော်တို့ (၆)လမ်းသွား လမ်းမကြီး(၅)လမ်း ဖောက်ထားတာ ဆိုတော့ ဒီဘက်မှာ ရှိတဲ့ဟာတွေကျတော့ ရေမရတဲ့ အနေအထား ဖြစ်ပါတယ်။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကလည်း ကျွန်တော်တို့ တင်ပြချက်ရရှိတဲ့ အတွက်ကြောင့် အဲဒီနေရာကို ဆင်းသွားတဲ့အခါ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့် က သူ့ကိုလည်း ဒေသခံတွေက တင်ပြတဲ့အတွက် သူကလည်း ၂၇-၅-၂၀၁၃ ရက်စွဲပါ စာအမှတ်၊ ၅/၁/၁-၁၂/ဦး-၁ နဲ့ ဒီဒေသမှာရှိတဲ့ လူတွေတော့ ဒုက္ခရောက်လျက်ရှိကြောင်း ကျွန်တော်တို့ တင်ပြထားပြီး တော့ ကျွန်တော့်ကိုလည်း မိတ္တူပေးထားပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံဟာ EITI အဖွဲ့ဝင်ဖြစ်ဖို့ ကြိုးပမ်းလျက်ရှိကြောင်း ကျွန်တော် စုံစမ်းသိရှိရပါတယ်။ EITI ဆိုတာကတော့ Extractive Industries Transparency Initiative ဆိုတဲ့ အတိုင်းပဲ ကျွန်တော်တို့ စီမံကိန်းကြီးတွေ လုပ်မယ်ဆိုရင်တော့ ပွင့်ပွင့်လင်းလင်း မြင်မြင်သာသာ ဆောင်ရွက်ဖို့ တာဝန်ရှိရှိ ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။ အဲဒီအချိန်မှာ ဒီ EITI ထဲကို ဝင်မယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အဆင့်(၄)ဆင့်ကို ကျော်ဖြတ်ရမယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာသိရှိထားပါတယ်။ အဲဒီအဆင့်(၄)ဆင့်ကတော့ စီမံကိန်းတစ်ခု လုပ်မယ်ဆိုရင် (၁) လေ့လာ ဆန်းစစ်ခြင်း၊ (၂) က ပြည်သူကို ချပြခြင်း၊ (၃) က လုပ်ငန်းစတင်ခြင်းနဲ့ (၄) ကတော့ Monitoring ဆိုတဲ့ စောင့်ကြည့်ခြင်းတို့ပဲ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီနေရာမှာ ဒီစက်ရုံကြီး တည်တော့မယ်ဆိုရင် ဒီနေရာမှာ ဘယ်သူတွေနေသလဲ သူတို့က ဘာနဲ့ အသက်မွေးဝမ်းကျောင်းပြုသလဲ ဒီစက်ရုံကြီး ဆောက်လိုက်လို့ရှိရင် ဘာတွေ Social Impact, Environmental Impact တွေ ဘယ်လို ဖြစ်နိုင်သလဲဆိုတာကို ဆန်းစစ်လေ့လာတာ ဖြစ်ပါတယ်။ ဒီနေရာမှာ ဆောက်မယ့်အစား ဘယ်နေရာမှာ ဆောက်ရင် ကောင်းမလဲ၊ ရေစီးရေလာ ဘယ်လိုရှိသလဲ ဒီလိုတွေ ဆန်းစစ်တာ

ဖြစ်ပါတယ်။ ပြီးမှ ဒီဟာတွေ အကုန်လုံးကို ပြည်သူကို ချပြတာ ဖြစ်ပါတယ်။ တို့ ဒီလိုကြီး ဆောက်လိုက်ရင် တို့နိုင်ငံအတွက် အကျိုးရှိတဲ့ စက်ရုံကြီး ဖြစ်လာမယ်။ တို့နိုင်ငံရဲ့ Army ဟာ Third Generation Army ပဲ ရှိသေးတယ်။ သူများတွေက သတ္တမမြောက် မျိုးဆက်တောင် သွားနေပြီ။ တို့ ဒါကြောင့်မို့ ဒါတွေ စက်ရုံတော့ တည်ဖို့လိုတယ်။ အဲဒါကြောင့် မင်းတို့ ဒီနေရာမှာ ရွှေ့ရမယ်။ ရွှေ့တဲ့အခါမှာလည်း ဒါတွေ ဒါတွေ တို့က လုပ်ပေးမှာ စသည်ဖြင့် လျော်ကြေးကလည်း ဒီလို ဒီလိုယူ အကုန်လုံးကို ပွင့်ပွင့်လင်းလင်း ချပြဆွေးနွေးကြခြင်းအားဖြင့် အဆင့်(၃)ကို လုပ်စရာ မရောက်သေး ခင်မှာ အဆင့်(၂)မှာတင်ပဲ လူထုက အကုန်လုံးသိနေပြီ။ အဲဒီအနေအထားဖြစ်အောင် ဆောင်ရွက်မှ သာလျှင် EITI အဖွဲ့ကို ဝင်ခွင့်ရမှာ ဖြစ်ပါတယ်။ EITI ဟာ ဒီနေ့ အီသီယိုးပီးယားနိုင်ငံဟာ EITI ရဲ့ Principle တွေကို နားမထောင်တဲ့အတွက်ကြောင့် EITI ကနေ ထုတ်ပယ်ခြင်းခံလိုက်ရတဲ့ နိုင်ငံ ဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့နိုင်ငံက EITI ဝင်တော့မယ်ဆိုရင် ဒါတွေကိုတော့ လိုက်နာ ဆောင်ရွက်မှ ဖြစ်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ ဒါမှသာလျှင် ကျွန်တော်တို့က အစိုးရဆိုတာ ကိုယ့်ပြည်သူကို Protect လုပ်မယ်၊ ပြီးရင် Respect ပေးမယ်၊ ပြီးမှ Remendy ဆိုတဲ့ ကုစားမှုကို ပေးရမှာ ဖြစ်ပါတယ်။ ဒီနယ်မှာရှိတဲ့ ပြည်သူကို ကာကွယ်မယ်၊ ပြည်သူ့ရဲ့ အခွင့်အရေးကို ကာကွယ်မယ်။ Respect လို့ ပြောတဲ့ သူတို့ရဲ့ အခွင့်အရေးကို လေးစားမယ်။ သူတို့ရဲ့ မြေကို တန်ဖိုးထားမယ်၊ လူကိုလည်း တန်ဖိုးထားမယ်။ ငါတို့ ထိုးလိုက်မယ့် ငါတို့ စက်ရုံက အရေးကြီးတယ်။ AMC ကုမ္ပဏီကလည်း ငါတို့ လူကြီးတွေက ခိုင်းနေပြီ။ ဘယ်နေ့ အပြီးတဲ့ မင်းတို့ ဖယ် ဆိုပြီးတော့ ဒီလိုမျိုး ထိုးနေတဲ့ အနေအထား ဖြစ်ပါတယ်။ အဲဒါဆိုလို့ရှိရင် တကယ်လို့သာ Protect နဲ့ Respect ကိုသာ ပြေလည်အောင် ဆောင်ရွက်မယ်ဆိုရင် Remendy ဆိုတဲ့ ကုစားမှုတောင် လိုမယ်လို့ မထင်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ Protect ရယ်၊ Respect ရယ်၊ Remendy ရယ်ကို ပြည့်ပြည့်ဝဝ ဆောင်ရွက်မယ်ဆိုမှသာလျှင် ကျွန်တော်တို့ Social Licence လို့ ခေါ်တဲ့ ပြည်သူရဲ့ ခွင့်ပြုချက် ရရှိဖို့လိုအပ်လိမ့်မယ်လို့ ကျွန်တော့်အနေနဲ့ တင်ပြလိုပါတယ်။ အဲဒီတော့ ကျွန်တော်တို့ တပ်မတော်ကာကွယ်ရေးပစ္စည်းစက်ရုံဖြစ်တဲ့အတွက် ကျွန်တော်တို့ဟာ တပ်မတော်ရဲ့ စစ်အောင် နိုင်ရာသော အချက်ကြီး (၁၂)ချက်ကိုလည်း လိုက်နာဆောင်ရွက်မယ်ဆိုရင် ပိုပြီးတော့ အောင်မြင် ပါတယ်။ ကျွန်တော်တို့ ငယ်ငယ်တုန်းက ကျက်ထားတဲ့အတိုင်း ရည်၊ စိတ်၊ အင်၊ တိုက်၊ လွယ်၊ လုံ၊ ငိုက်၊ တင်း၊ ပြောင်း၊ ညှိ၊ အုပ်၊ ပြည် ဆိုတဲ့အတိုင်း ရည်ရွယ်ချက် အတိအကျ ခိုင်မြဲမယ်။ စိတ်ဓာတ် ကောင်းမယ်။ အင်အားကို စုစည်းအသုံးပြုမယ်၊ တိုက်စစ် စွမ်းမယ် စသည်ဖြင့်ပေါ့ အဲဒီ (၁၂)ချက်မှာ နောက်ဆုံး အချက်ဖြစ်တဲ့ ပြည် ဆိုတာကတော့ ပြည်သူလူထုရဲ့ ထောက်ခံမှုကို ရရှိခြင်းဆိုတာ ဒါ Social Licence ပါ။ အဲဒီတော့ ပြည်သူလူထုရဲ့ ထောက်ခံမှု ရရှိခြင်းကို ဆောင်ရွက်မှ အဲဒီပြည်သူ လူထုရဲ့ ထောက်ခံမှုရအောင် ခုန (၁) လေ့လာဆန်းစစ်ခြင်းဖြစ်တဲ့၊ (၂) ဖြစ်တဲ့ ပြည်သူကို ချပြခြင်း ဒါတွေ ဒီအဆင့် (၂)ဆင့်ကို ကျော်ရင်တော့ ကမ္ဘာ့တည်ဆောက်ရေး ကုမ္ပဏီကြီး (၂၀)ကို လေ့လာ ထားချက်အရ ဒါမျိုးသာ ချမပြဘူးဆိုရင် (၉၈)ရာခိုင်နှုန်းသော ပြည်သူက ကန့်ကွက်ပြီးတော့ (၂)ရာခိုင်နှုန်းလောက်သော ဘုမသိ ဘမသိ လူကပဲ ထောက်ခံတယ်လို့ သိရပါတယ်။ တကယ်လို့သာ အဲဒီ ခုန လေ့လာဆန်းစစ်ခြင်းနဲ့ ပြည်သူကို ချပြခြင်းသာ ဆောင်ရွက်ခဲ့မယ်ဆိုရင် (၉၈)ရာခိုင်နှုန်းသော ပြည်သူက ထောက်ခံပြီးတော့ ထော်လော်ကန့်လန့် (၂)ရာခိုင်နှုန်းလောက်ပဲ ရှိပါတယ်လို့ သုတေသန

စာတမ်းများအရ သိရှိရပါတယ်။ ဒါကြောင့်မို့လို့ အထက်ပါ ကာကွယ်ရေးအမှတ်(၂၅)စက်ရုံ တည်ဆောက်ခြင်း ဆောင်ရွက်လျက်ရှိတဲ့ ပေါက်ပန်ဆိုင်း၊ ငှက်ပြာကျင်း၊ ငလယ်ခုံ ဒေသမှာ မည်ကဲ့သို့ အစီအမံများ ဒေသခံများကို ပြုလုပ်ပေးမည်ကို သိရှိလိုပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၃။**

**ဗိုလ်ချုပ်ကျော်ညွန့် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ ကြယ်ပွင့်ပြ မေးခွန်းဖြစ်တဲ့ ကျွန်တော်တို့ အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်လျက် ရှိသော ဆောမြို့နယ် လောင်းရှည်ဒေသရှိ ပေါက်ပန်ဆိုင်း၊ ငှက်ပြာကျင်း၊ ငလယ်ခုံကျေးရွာများရှိ ဒေသခံများ ပြောင်းရွှေ့ နေရာချထားရေးအတွက် မည်သို့သော အစီအမံများ ပြုလုပ်ပေးမည်ကို သိရှိလိုခြင်း နှင့် စပ်လျဉ်းပြီးတော့ ကျွန်တော်တို့ အခု မေးတဲ့ အချိန်မှာလည်း အတော်လေးကို ပြည့်ပြည့်စုံစုံလေး မေးမြန်းသွားတာကို တွေ့ရှိပါတယ်။ ကျွန်တော်တို့ ဒီဒေသမှာရှိတဲ့ ရွာသူ၊ ရွာသားများ လုပ်ကိုင်ဆောင်ရွက်ထားမှု နောက်တစ်ခုက ကျွန်တော်တို့ ရွာသူရွာသားများရဲ့ ကြိုတင်ပြီးတော့ ကျွန်တော်တို့ ချပြရှင်းလင်းမှု အနေအထားတွေ တော်တော်လေး ပြည့်ပြည့်စုံစုံလေး မေးမြန်းသွားတာကို တွေ့ပါတယ်။

ကျွန်တော်တို့ ဒီမေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားရမယ်ဆိုရင် ကျွန်တော်တို့ အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံဧရိယာအတွင်းမှာ ရှိတဲ့ကျေးရွာ လက်ရှိပြောင်းရွှေ့ရမယ့် (၃)ရွာ ရှိပါတယ်။ အဲဒီကျေးရွာကနေပြီးတော့ ရပ်မိရပ်ဖများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြေစာရင်းဦးစီး ဌာနနှင့် ညှိနှိုင်းပြီးတော့ ကျွန်တော်တို့ ပေါက်ပန်ဆိုင်းရွာသစ်၊ နေရာသစ် ရွေးချယ်ပါတယ်။ နောက်ပြီးတော့ ငလယ်ခုံကျေးရွာအသစ်နှင့် ငှက်ပြာကျင်းနေရာသစ်တွေလည်း မြေနေရာ (၁)နေရာကို (၁၈)ဧက ကျွန်တော်တို့ ရွေးဦးစွာ သတ်မှတ်ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်တော်တို့ တင်ပြခဲ့တဲ့ ရွာ (၃)ရွာ အနက်မှ ပေါက်ပန်ဆိုင်းရွာကတော့ အိမ်ခြေ (၅၈)အိမ် ရှိပြီးတော့ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးနဲ့ ဆေးပေးခန်းတို့လည်း ကျွန်တော်တို့ လုံလုံလောက်လောက် ရှိအောင် ဆိုပြီးတော့ ပေ(၆၀)ပတ်လည်ရှိတဲ့ ခြံမြေကွက်(၇၂)ကွက်ကို ကျွန်တော်တို့ သတ်မှတ်ဖော်ထုတ်ပေးထားပြီးတော့ ဒီကျေးရွာ မြေနေရာသစ်များအတွက်ကတော့ သတ်မှတ်နိုင်ဖို့အတွက် ဆောမြို့နယ် မြေစာရင်း ဦးစီးဌာနမှ မြေပုံနှင့်တကွ လိုအပ်တဲ့ အမှုတွဲတွေကို ကျွန်တော်တို့ တည်ဆောက်တင်ပြ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ ရွာ မြေနေရာသစ်မှာ ခွင့်ပြုချက် ရလျှင်ရချင်း ခုနက ကျွန်တော်တို့ ကိုယ်စားလှယ်ကြီး ဦးလှဆွေ ပြောသလိုပါပဲ၊ ကျွန်တော်တို့ တန်ဖိုးနည်းအိမ်ရာကို အမြန် ဆောက်လုပ်ပေးသွားမှာ

ဖြစ်ပါတယ်။ နောက် ရွာမြေနေရာသစ် ခွင့်ပြုချက် ရရှိရေးအတွက်လည်း ကျွန်တော်တို့ အမြန်ဆုံးညှိနှိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျန် ကျေးရွာ(၂)ရွာဖြစ်တဲ့ လေယာဉ်ခုံနဲ့ ငှက်ပြာကျင်း ရွာများအတွက် ရွာခြံမြေကွက်သစ်များ ဖော်ထုတ်ရေးကို ကျေးရွာမြေအဖြစ် သတ်မှတ်ဆောင်ရွက် နိုင်ရေး ဌာနဆိုင်ရာများနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီးတော့ မြေနေရာသစ်များ ကွင်းဆင်းကြည့်ရှု ဆောင်ရွက်လျက် ရှိပါတယ်။ ၎င်းကျေးရွာများအတွက်လည်း အလားတူပဲ ကျွန်တော်တို့ တန်ဖိုးနည်း အိမ်ရာများကို ဆောက်လုပ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ် (၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ တည်ဆောက်မည့် မြေနေရာနှင့် အဆိုပါ ရွာ(၃)ရွာ မှာပါတဲ့ မြေသိမ်းဆည်းခံရတဲ့ ကျေးရွာများအတွက်ကတော့ ကျွန်တော်တို့ အဆောက်အဦ နစ်နာ ကြေးငွေတွေ၊ လယ်ယာမြေ နစ်နာကြေး ငွေတွေကို ခွဲခြားပြီးတော့ ဆောမြို့နယ် မြေလျော်ကြေးပေးရေး အဖွဲ့ကနေပြီးတော့ ၂၉-၃-၂၀၁၀ ကနေပြီးတော့ ၃၁-၃-၂၀၁၁ ရက်နေ့အထိ ကျွန်တော်တို့ ကျေးရွာများ အထိ (၁)ဦးချင်း လက်ဝယ်အရောက် ပေးအပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဆိုပါ ကာကွယ်ရေးပစ္စည်း စက်ရုံ တည်ဆောက်မှုလုပ်ငန်းများဟာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာတော့ လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလာတဲ့အတွက် ၎င်းလုပ်ငန်းမှာ သိမ်းဆည်းထားတဲ့ ကျွန်တော်တို့ လယ်ယာမြေ(၄၀.၇၇)ဧက ပေါ်မှာသာ ကျွန်တော်တို့ လုပ်ငန်းစတင် ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျန်လုပ်ငန်းများကိုတော့ ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်ရန်ကတော့ လာမယ့် ပွင့်လင်းရာသီမှာ ကျွန်တော်တို့ အိမ်နေရာ များ ချထားရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများနဲ့ အမြန်ညှိနှိုင်း၍ စနစ်တကျ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမှတ်(၂၅) ကာကွယ်ရေးပစ္စည်းစက်ရုံ ဧရိယာအတွင်းမှာရှိတဲ့ ကျွန်တော် ခုန တင်ပြထားတဲ့ ကျေးရွာ(၃)ရွာ ပြောင်းရွှေ့ရေးနှင့်ပတ်သက်လို့ ဘယ်လိုစီမံမယ်ဆိုတာ ကျွန်တော်တို့ ပြောလိုက်တာနဲ့ ကတိကဝတ် ဖြစ်သွားပါတယ်။ တပ်မတော်အနေနဲ့လည်း ပြည်သူများနှင့်ပတ်သက်လို့ ပြည်သူလူထု အပေါ် ဖြည့်ကျင့်ရမယ့် ကျင့်ဝတ် (၁၀)ပါး ပါရှိတဲ့အတိုင်း၊ ပြည်သူလူထု၏ အကျိုးစီးပွားကို အစဉ် ဦးထိပ်ထားပါဆိုတဲ့အတိုင်း ပြည်သူလူထုရဲ့ အကျိုးအတွက်ဆိုရင် ကျွန်တော်တို့အနေနဲ့ စိတ်ထဲမှာမက ဘဲနဲ့ လက်တွေ့လုပ်ရပ်များနဲ့ မဖြစ်မနေ အကောင်အထည်ဖော် ဆောင်ရွက်ပေးဖို့အတွက် အမျိုးသား လွှတ်တော်မှတစ်ဆင့် ကြားလိုက်ရတဲ့ ပေါက်ပန်ဆိုင်း၊ လေယာဉ်ခုံနဲ့ ငှက်ပြာကျင်း ရွာသူရွာသားများရဲ့ ရင်ထဲက စကားသံများကိုလည်း ကျွန်တော်တို့ လက်တွေ့ကျကျ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယနေ့ ကျွန်တော်တို့ လွှတ်တော် ကိုယ်စားလှယ်ကြီး တင်ပြတဲ့ ကျေးရွာများရဲ့ လိုအပ်ချက်များ အတွင်းသိသိ သိရှိ ဆောင်ရွက်နိုင်ဖို့နဲ့ ကျွန်တော်တို့ လမ်းမြေထိုးမှု ကိစ္စတွေနဲ့ပတ်သက်လို့ ဒီကနေ့ တာဝန်ရှိတဲ့ အဖွဲ့တစ်ဖွဲ့က သက်ဆိုင်ရာ များနဲ့ တွေ့ဆုံပြီး အကောင်အထည်ဖော် ဆောင်ရွက်ရေးအတွက် ကျွန်တော်တို့ ရှင်းလင်းဖို့အတွက် သက်ဆိုင်ရာနယ်မြေကို ထွက်ခွာသွားပြီဖြစ်ကြောင်း အသိပေး အကြောင်းကြားအပ်ပါတယ်။ ပြည်သူ့ အကျိုး ကျေးလက်ရဲ့အကျိုး ရှိရာရှိကြောင်းကို ကျွန်တော်တို့ မေးမြန်းပေးတဲ့ မကွေးတိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ အား အထူးပဲ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၃)ဦးက မေးမြန်းတဲ့ မေးခွန်းတွေဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွီဇောလ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၉။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးခမ်ဆွင်းမုန် က ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွီဇောလ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၉။**

**ဦးခမ်ဆွင်းမုန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် ဖြစ်ပြီးတော့ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ မွီဇောလ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်မှာရှိတဲ့ မွီဇောလ်ကျေးရွာဟာ တီးတိန်မြို့ကနေ (၁၂)မိုင်ကွာဝေးပြီး အဲဒီရွာက သမိုင်းအစဉ်အလာ ကြီးမားခဲ့တဲ့ ရွာ(၁)ရွာ ဖြစ်ပါတယ်။ ယခင် အစိုးရများလက်ထက်မှာ နိုင်ငံတော်အဆင့်၊ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့်ဆင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ခဲ့ကြတဲ့ ပုဂ္ဂိုလ်များ ပေါ်ထွန်းခဲ့သော ကျေးရွာတစ်ရွာလည်း ဖြစ်ပါတယ်။

ယခုအခါ အိမ်ခြေအားဖြင့် (၁၂၀)၊ လူဦးရေ(၈၀၀)ကျော် နေထိုင်ကြပါတယ်။ မွီဇောလ်ကျေးရွာသည် ၁၉၉၇ ခုနှစ်တွင် အလယ်တန်းကျောင်း(ခွဲ)အဖြစ် အစိုးရမှ ခွင့်ပြုဖွင့်လှစ်ခဲ့ပြီး ပတ်ဝန်းကျင် ကျေးရွာများဖြစ်တဲ့ ဂေါ်စိန်ကျေးရွာ၊ မွာလ်နွမ်း(က)နှင့် မွာလ်နွမ်း(ခ)ကျေးရွာ၊ တွီးကျင့်လွီးကျေးရွာ၊ တောင်ရှာလ်ကျေးရွာများမှ အလယ်တန်း ကျောင်းသူ/ကျောင်းသားများ လာရောက်ပညာသင်ကြားလျက်ရှိပါတယ်။ ယခု ကျောင်းသားဦးရေမှာ (၃၀၀)ခန့်ရှိပြီးတော့၊

ကျောင်းဆောင်နဲ့ ပရိဘောဂပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများလည်း လုံလောက်စွာ ရှိနေပါတယ်။ ပင်မကျောင်းဖြစ်တဲ့ လိုင်ထွီးကျေးရွာ အထက်တန်းကျောင်းနဲ့ လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲ ကြမ်းတမ်းတဲ့ ရွာတစ်ရွာလည်း ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်အတွင်းရှိတဲ့ ချင်းတိုင်းရင်းသားလူငယ်လေးများ၏ ပညာရည်မြင့်မားရေးကို အလေးထားရှေးရှုသောအားဖြင့် မွီဇောလ် ကျေးရွာ၊ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဒေခံပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်စိန်က ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမောင်စိန်၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅) ရေဖြူမြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ကျွန်တော့်အနေဖြင့် ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်၍ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖတ်ကြားခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ပင်မဆောင် (၂)ထပ်ဆောင်(၁)ဆောင်၊ စာသင်ဆောင်(၃)ဆောင်၊ စုစုပေါင်း(၄)ဆောင် ရှိပါတယ်။ ကျောင်းတွင် ဆရာ/ဆရာမ(၃၃)ဦးနဲ့ ရုံးအဖွဲ့ဝင်(၁၃)ဦး၊ စုစုပေါင်း(၄၆)ဦးရှိပြီး၊ ကျောင်းသူ/ကျောင်းသား(၈၃၉)ဦး ပညာသင်ကြားလျက် ရှိပါတယ်။ ကျောင်းစာသင်ဆောင်နှင့် ကျောင်းသူ/ကျောင်းသားများကို အောက်ပါအတိုင်း အခန်းများခွဲခြား၍ စာသင်ကြားနေကြရပါတယ်။ (၁) ပင်မကျောင်းဆောင် (၁၃၀ ပေ x ၃၀ ပေ x ၂၂ ပေ) (၂)ထပ်ကျောင်းဆောင်ရှိ အခန်း(၄)ခန်းတွင် (က)စာသင်ခန်း(၂)ခန်းတွင် ဒသမတန်းကျောင်းသူ/ကျောင်းသား (၆၃)ဦး၊ (ခ)စာသင်ခန်း(၂)ခန်းတွင် နဝမတန်းကျောင်းသူ/ကျောင်းသား(၁၀၉)ဦး၊ (၂) စာသင်ကျောင်းဆောင်(၁၈၀ ပေ x ၃၀ ပေ) (၁)ထပ်ဆောင်ရှိ အခန်း(၆)ခန်းတွင် (က)စာသင်ခန်း(၂)ခန်းတွင်

အဋ္ဌမတန်း ကျောင်းသူ/ကျောင်းသား(၉၉)ဦး၊ (ခ)စာသင်ခန်း(၂)ခန်းတွင် သတ္တမတန်း ကျောင်းသူ/ကျောင်းသား (၁၀၀)ဦး၊ (ဂ) စာသင်ခန်း(၂)ခန်းတွင် ဆဋ္ဌမတန်း ကျောင်းသူ/ကျောင်းသား (၁၂၉)ဦး၊(၃) စာသင်ဆောင် (၉၀ ပေ x ၃၀ ပေ) (၁)ထပ်ဆောင်ရှိ အခန်း(၃)ခန်းတွင် ပဉ္စမတန်း ကျောင်းသူ/ကျောင်းသား (၁၆၆)ဦး၊ (၄) စာသင်ဆောင် (၁၈၀ ပေ x ၃၃ ပေ) (၁)ထပ်ဆောင် ပျဉ်ခင်းတွင် သူငယ်တန်းမှ စတုတ္ထတန်း ကျောင်းသူ/ကျောင်းသား (၁၇၃)ဦး ရှိပါတယ်။

ယခုအခါ ရေဖြူမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင်ရှိတဲ့ စာသင်ဆောင်ရှိ အခန်းများအပေါ်မူတည်ပြီးတော့ ကျောင်းသူ/ကျောင်းသားများအား စာသင်ကြားရသဖြင့် နေရာ အခက်အခဲနှင့် တွေ့ကြုံနေရပါတယ်။ မြို့နယ် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာ အလယ်တန်း၊ အထက်တန်းကျောင်းသားများ လာရောက်သင်ကြားခြင်းဟာလည်းပဲ နှစ်စဉ် တိုးတက်လျက်ရှိ ပါတယ်။ မူလတန်းကျောင်းသားများ စာသင်ဆောင် (၁၈၀ ပေ x ၃၀ ပေ) ပျဉ်ခင်း (၁)ထပ်ဆောင် သည် ၁၉၉၀ ခုနှစ်က စာသင်ဆောင်(၂)ထပ်ဆောင်ကြီးအား (၁)ထပ်ဆောင်အဖြစ် ပြန်လည် ပြုပြင် ဆောက်လုပ်ထားသော အဆောက်အဦဟောင်း ဖြစ်ပါတယ်။ ယခုအခါ ကြမ်းခင်းသစ်များမှာလည်း အလွန်ဟောင်းနွမ်းပြီး၊ အခန်းများမရှိသဖြင့် ကျောင်းသူ/ကျောင်းသားများ စာသင်ကြားရာတွင် အခက်အခဲများနဲ့ ဥပမိရုပ် မကောင်းသော စာသင်ဆောင်ဖြစ်နေပြီ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ရေဖြူမြို့နယ်၊ ရေဖြူမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအဆောက်အဦ စာသင်ဆောင်နှင့် ကျောင်းသူ/ကျောင်းသား ဦးရေ မမျှတသဖြင့် နေရာ အခက်အခဲရှိနေခြင်း၊ မြို့ပတ်ဝန်းကျင်ရှိ အလယ်တန်း၊ အထက်တန်းကျောင်းများမှလည်း တစ်နှစ်ထက် တစ်နှစ် ကျောင်းသူ/ကျောင်းသားများ တိုးတက်လာရောက် ပညာသင်ကြားခြင်းနှင့် စာသင်ဆောင်အဆောက်အဦအဟောင်း(၁၈၀ပေ x ၃၀ ပေ)အဆောင်မှာလည်း ဟောင်းနွမ်းပြီး ဥပမိရုပ်မကောင်းသော စာသင်ဆောင် ဖြစ်နေပါသဖြင့် စာသင်ဆောင်အဆောက်အအုံအဟောင်း (၁၈၀ပေ x ၃၀ ပေ)ကို ဖျက်သိမ်း၍ (၁၅၀ ပေ x ၃၀ ပေ x ၂၂ ပေ) (၂)ထပ်ဆောင် (၁)ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြမေးမြန်းရပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပျားတဲတိုက်နယ် ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးကျော်ကျော် က ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပျားတဲတိုက်နယ် ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း ကို အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ ကျွန်တော်တို့ အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော် နှုတ်ခွန်းဆက် ဂါရဝပြုအပ် ပါတယ်။ ကျွန်တော် ဦးကျော်ကျော် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းမည့် မေးခွန်းကတော့ ရခိုင် ပြည်နယ်၊ မြောက်ဦးမြို့နယ်၊ ပျားတဲတိုက်နယ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်းနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းဆွေးနွေးပေးပါမယ်။ ဒီမေးခွန်းကို အဓိက ကျွန်တော် အချက်အလက်(၃)ခု အပေါ်မှာ မူတည်ပြီးတော့ မေးထားတာဖြစ်ပါတယ်။ ပထမအချက်ကတော့ ကျွန်တော်တို့ ဟိုတစ်နေ့က နာယကအပြောင်းအလဲမှာ သဘင်ဆောင်မှာ ကျွန်တော်တို့ကို ကြယ်စင်မော်ကွန်းရုပ်ရှင်နဲ့ ဖြေဖျော်ပါတယ်။ အဲဒီကားမှာ ဖက်ဆစ်တော်လှန်ရေး၊ နောက် နယ်ချဲ့အင်္ဂလိပ်တော်လှန်ရေးကို အသေအချာ စိတ်ဝင်စားဖွယ် ရိုက်ပြထားပါတယ်။ အဲဒီလိုပါပဲ ကျွန်တော်တို့ ဒီတောင်းဆိုထားတဲ့ ပျားတဲတိုက်နယ်ကျေးရွာနဲ့ ဒီရွာနဲ့ တစ်ဆက် တစ်စပ်တည်း လောင်းရှည်ချောင်းဆိုတဲ့ ကျေးရွာရှိပါတယ်။ ဒီကျေးရွာရဲ့ ရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ ဒီထင်ရှားခဲ့တဲ့ ကိုလိုနီနယ်ချဲ့အင်္ဂလိပ်ကို ကျွန်တော်တို့ တော်လှန်ရေးလုပ်ခဲ့ပါတယ်။ ဖက်ဆစ်ဂျပန် တော်လှန်ရေးတပ်ဖွဲ့ရဲ့ ခေါင်းဆောင်များကလည်း ဒီရွာကို အခြေပြုပြီးတော့ကာ ကျွန်တော်တို့ ဖက်ဆစ်တော်လှန်ရေးတွေ ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို တော်လှန်ရေးပြုလုပ်ခဲ့တဲ့ အချိန်ကာလမှာ ဒီ ဒေသတွေမှာ အဓိကထားပြီးတော့ကာ ကျွန်တော်တို့ စခန်းချခဲ့ပါတယ်။

ဒါကြောင့် ဒီဒေသဟာ တော်တော်ကို အရေးပါတဲ့ဒေသလို့လည်း ဆိုနိုင်ပါတယ်။ အဲဒီ အကြောင်းနဲ့ ပတ်သက်လို့ ကျွန်တော်တို့ ဗိုလ်ပေါက်သာကျော် ရေးခဲ့တဲ့ ရခိုင်တော်လှန်ရေး ခရီးအဝေးဆိုတဲ့ စာအုပ်မှာ အသေအချာ ဖော်ပြထားတာကိုတွေ့ရပါမယ်။ ဒါကြောင့် မြန်မာ့ လွတ်လပ်ရေးအတွက် တော်လှန်ရေးမှာ အထောက်အကူပြုခဲ့တဲ့ ဒီကျေးရွာတွေဟာ လွတ်လပ်ရေး ရပြီး အနှစ်(၆၀)ကျော်ရှိပြီးဖြစ်တဲ့ အခုလိုအချိန်အခါမျိုးမှာ ဒီကျေးရွာအနေနဲ့ ဒီတိုက်နယ်အနေနဲ့ အခြေခံပညာအထက်တန်း ကျောင်းတစ်ကျောင်းလောက်တော့ ရသင့်တယ်လို့ ကျွန်တော်တို့ ယူဆ ပါတယ်။ ဒီတစ်ချက်တည်းနဲ့ကို ကျွန်တော်တို့ အထက်တန်းကျောင်းတစ်ကျောင်းတော့ တန်နေပါပြီ။

နောက် ကျွန်တော် ဒုတိယ ရှင်းလင်းလိုတဲ့ အချက်ကတော့ကာ ဒီ ပျားတဲတိုက်နယ်ဒေသ ဟာ မြောက်ဦးမြို့နယ်ရဲ့ တောင်ဘက်အခြမ်းမှာရှိပြီးတော့ မြစ်၊ ချောင်း၊ အင်းအိုင်တွေ အလွန်ပေါ များတဲ့ နေရာဖြစ်ပါတယ်။ ရေလမ်းခရီးကိုပဲ အားထားပြီး သွားလာရပါတယ်။ ကုန်းလမ်းမရှိ သလောက်ပါပဲ။ ဒါကြောင့် ဒီဒေသရဲ့ ဖွံ့ဖြိုးမှုဟာ မြောက်ဦးမြို့နယ်မှာရှိတဲ့ အခြားတိုက်နယ်တွေရဲ့ နောက်မှာ များစွာကျန်နေခဲ့ပါတယ်။ ဒီ တိုက်နယ်ဒေသရဲ့ ဖွံ့ဖြိုးမှု အားနည်းတာကြောင့် ပညာရေး အတွက် အခြေခံပညာအထက်တန်းကျောင်း၊ ကျန်းမာရေးအတွက် တိုက်နယ်ဆေးရုံရရှိရေးတို့ အတွက် ပညာတတ်တွေ နည်းပါးတာကြောင့် ဦးဆောင်ဦးရွက်ပြုမယ့် သူမရှိခဲ့လို့ ယနေ့တိုင် မရရှိ

သေးပါဘူး။ ဒီတိုက်နယ်နဲ့ တစ်ချိန်တည်းမှာရှိနေတဲ့ ကျွန်တော်တို့ မြောက်ဝန်းတိုက်နယ်ကတော့ကာ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ ရရှိခဲ့တာ အနှစ်(၂၀)ကျော်သွားပါပြီ။ ဒီပျားတဲတိုက်နယ်မှာ ကျေးရွာပေါင်း(၅၂)ရွာ တည်ရှိပါတယ်။ တိုက်နယ်တစ်ခုလုံးကို ကိုယ်စားပြုပြီး၊ အခြေခံအထက်တန်းကျောင်းတစ်ကျောင်းတော့ ရှိသင့်တယ်လို့ သဘောရပါတယ်။ ၁၉၈၃-၁၉၈၄ ပညာသင်နှစ်က စပြီးတော့ မူလတန်းအဆင့်မှ အလယ်တန်းအဆင့် တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ပါတယ်။ နှစ်(၃၀)ကြာမြင့်ပြီ ဖြစ်ပါတယ်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာတော့ အလယ်တန်း အဆင့်ကျောင်းသား/ကျောင်းသူ အင်အားကတော့ကာ ကျား(၇၅)ဦး၊ မ(၆၃)ဦး ပေါင်း(၁၃၈)ဦး ရှိပါတယ်။

လက်ရှိမှာ အလယ်တန်းအဆင့် အင်အားနည်းတယ်လို့ ဆိုရပေမယ့် အခြေခံအထက်တန်းအဆင့် ဖွင့်လိုက်ပြီးရင်တော့ အနီးပတ်ဝန်းကျင် မူလွန်ကျောင်းများအပြင် တိုက်နယ်တစ်ခုလုံးမှ ကျောင်းသား/ကျောင်းသူများ လာရောက်ပြီးတော့ သင်ကြားနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိ ပျားတဲ အလယ်တန်းအဆင့် ကျောင်းသားအင်အား ဦးရေကို ခွဲပြီး စဉ်းစားရင်တော့ နည်းတယ်လို့ ထင်ရပေမယ့် တိုက်နယ်တစ်ခုလုံးရှိ (၅၂)ရွာကိုပါ ထည့်သွင်းစဉ်းစားပေးရင်တော့ တော်တော်ကို များလာမှာပါ။ ပြီးတော့ ကျန်းမာရေးအတွက် ပျားတဲတိုက်နယ်ဆေးရုံရရှိရေးကို လွှတ်တော်မှာ တင်ပြတောင်းဆိုမေးမြန်းခဲ့တဲ့အခါမှာ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ဆောက်လုပ်ပေးဖို့ ခွင့်ပြုပြီး ဖြစ်ပါတယ်။ ထိုနည်းတူပဲ ပညာရေးဖွံ့ဖြိုးမှုအတွက်လည်း သူနဲ့လိုက်လျောအောင် အခြေခံပညာအထက်တန်းကျောင်း လိုအပ်နေပါတယ်။ ဒါ ဒုတိယအချက် ဖြစ်ပါတယ်။

တတိယအချက်ကတော့ ကျွန်တော်တို့ လက်ရှိ ပျားတဲကျောင်းသားအင်အားဟာ ပညာရေးဌာနက သတ်မှတ်ချက်ထက် နည်းချင်နည်းနေပါမယ်။ ပညာရေးနဲ့ ကျန်းမာရေးဖွံ့ဖြိုးမှုရှိတဲ့ ဒေသများနဲ့ သတ်မှတ်ချက်စံနှုန်းအတူတူထားမယ်ဆိုရင် မဖွံ့ဖြိုးတဲ့နေရာဒေသတွေအတွက် ဘယ်တော့မှ ရလာနိုင်စရာ အကြောင်းမရှိပါဘူး။ ဒါကြောင့် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း က အဆိုတစ်ခု တင်ခဲ့ပါတယ်။ အဆိုမှာ လူမှုရေးခက်ခဲသောဒေသရှိ ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးဖွံ့ဖြိုးမှုရှိသော ဒေသများထက် လျှော့ပေါ့၍ အထူးအစီအစဉ်ဖြင့် ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆို ဖြစ်ပါတယ်။ ဖော်ပြပါ အဆိုကို ၂၁-၁-၂၀၁၃ ရက်နေ့မှာ ဆွေးနွေး မဲခွဲဆုံးဖြတ်ပြီး လွှတ်တော်က အဆိုကို အတည်ပြုပြီးလည်း ဖြစ်ပါတယ်။ ဒီအဆိုကိုရည်ညွှန်းပြီး ပြောရင်လည်း ပျားတဲတိုက်နယ်မှာ အခြေခံပညာအထက်တန်း ကျောင်းတစ်ကျောင်း ဖွင့်လှစ်ပေးသင့်တယ်ဆိုတာ သိသာထင်ရှား နေပါတယ်။

ဒီအကြောင်းတွေ ထောက်ရှုပြီးတော့မှ ကျွန်တော်တို့ ဖွံ့ဖြိုးမှုအထူးနောက်ကျနေတဲ့ ပျားတဲတိုက်နယ်ဒေသမှာ ပညာရေးဌာနရဲ့ သတ်မှတ်ချက်များကို လျှော့ပေါ့ပြီးတော့မှ အထူးအစီအစဉ်နဲ့ ပျားတဲ အခြေခံပညာအလယ်တန်းကျောင်းအဆင့်ကို အထက်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးပါရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ကျွန်တော် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၄။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၄။**

**ဒေါက်တာဇော်မင်းအောင် (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပညာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင် ဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခမ်ဆွင်းမုန် မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ မွီဇောလ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အလယ်တန်းကျောင်းအဖြစ်သို့ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းကို ကျွန်တော်က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းများ အဆင့်တိုးမြှင့်ပေးရာမှာ သတ်မှတ်ချက် ကျောင်းသားဦးရေအရ လည်းကောင်း၊ နယ်မြေဒေသ အခြေအနေအရသော်လည်းကောင်း မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်တို့မှ အဆင့်ဆင့် အသေးစိတ် စိစစ်တင်ပြချက်အပေါ်မှာ သက်ဆိုင်ရာဦးစီးဌာနတွေရဲ့ ထပ်မံစိစစ်တင်ပြမှုအရ ကျောင်းများကို အဆင့်တိုးမြှင့်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျောင်းတွေကို အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဦးစီးဌာနများ တိုင်းဒေသကြီး ပြည်နယ်ပညာရေး ညွှန်ကြားရေးမှူးရုံးများရဲ့ စိစစ်တင်ပြမှုအရ ဦးစားပေး အစီအစဉ်အလိုက် စိစစ်ရွေးချယ်ပြီးတော့ ပညာသင်နှစ် တစ်နှစ်မှာ (၁)ကြိမ်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ဒီလို (၁)ကြိမ် ဆောင်ရွက်ခြင်းဟာလည်း ပညာရေးဝန်ကြီးဌာနရဲ့ သဘောသဘာဝအရ ကျောင်းအဆင့် တိုးမြှင့်ပေးခြင်းနဲ့အတူ လစ်လပ်လာမယ့်နေရာများအတွက် ဆရာ/ဆရာမတွေ ပြောင်းရွှေ့ဖြည့်တင်းပေးရခြင်း၊ လိုအပ်တဲ့ရာထူးများ တိုးမြှင့်ခန့်ထားရခြင်းများကို ဆောင်ရွက်ရတာ ဖြစ်တဲ့အတွက် ပညာသင်နှစ် တစ်နှစ်အတွင်းမှာ ကျောင်းအဆင့်တိုးမြှင့်မှုတွေကို (၁)ကြိမ်ထက်ပိုမို ဆောင်ရွက်မယ်ဆိုရင် သင်ကြားရေးပိုင်းမှာ ထိခိုက်မှုများ ရှိလာနိုင်တဲ့အတွက် တစ်နှစ်မှာတစ်ခါ စုစည်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်၊ ပညာသင်နှစ်မှာ ချင်းပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်အရ အခြေခံပညာကျောင်း စုစုပေါင်း (၁၃၅)ကျောင်းကို အဆင့်အသီးသီးသို့ တိုးမြှင့်ပေးခဲ့ပါတယ်။ ဒီလိုတိုးမြှင့်ပေးခဲ့ရာမှာ တီးတိန်မြို့နယ်အတွင်းမှာ အခြေခံပညာ အထက်တန်းကျောင်းအဆင့်သို့ (၂)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့(၂)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းအဆင့်သို့(၁)ကျောင်း၊ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)အဆင့်သို့ (၁)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အဆင့်သို့ (၈)ကျောင်း၊ အခြေခံပညာမူလတန်းကျောင်း(ခွဲ) အဆင့်သို့(၂)ကျောင်း တိုးမြှင့်ခဲ့တာဖြစ်တဲ့အတွက် တီးတိန်မြို့နယ်အတွင်းမှာ အခြေခံပညာကျောင်း

စုစုပေါင်း(၁၆)ကျောင်းကို ၂၀၁၃-၂၀၁၄ ခုနှစ် ပညာသင်နှစ်အတွင်းမှာ ဦးစားပေး အစီအစဉ်များ အရ အဆင့်တိုးမြှင့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ တီးတိန်မြို့နယ် မွီဇောလ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေး ပါကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဒုတိယမြောက်အနေနဲ့ တနင်္သာရီတိုင်းဒေသကြီး အမှတ်(၅)မဲဆန္ဒနယ် အမျိုးသား လွှတ်တော် ကိုယ်စားလှယ် ဦးမောင်စိန် မေးမြန်းထားတဲ့ ရေဖြူမြို့ အခြေခံပညာအထက်တန်း ကျောင်း၌ ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းကို ပညာရေးဝန်ကြီးဌာနရဲ့ကိုယ်စား ကျွန်တော်ကပဲ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။

ပညာရေးဝန်ကြီးဌာနအနေနဲ့ အခြေခံပညာကျောင်းများကို ပြင်ဆင်ခြင်း၊ တိုးချဲ့ ကျောင်းဆောင်သစ်များ ဆောက်လုပ်ခြင်းများအတွက် ရသုံးမှန်းခြေငွေစာရင်းများ လျာထားပြီး ဆောင်ရွက်ရာမှာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှစ် တစ်နှစ်မှာ (၁)ကြိမ် ဆောင်ရွက် ကြောင်း တင်ပြအပ်ပါတယ်။ အဲဒီလို ဆောင်ရွက်ရာမှာ အန္တရာယ်ရှိကျောင်းဆောင်များ၊ ဥပဓိရုပ် မကောင်းသောကျောင်းများ၊ ကျောင်းသားဦးရေနဲ့ စာသင်ခန်း မျှတမှုမရှိသော ကျောင်းများ ဆိုပြီး ခွဲခြားပြီးတဲ့အခါမှာ မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အဆင့်မှ အသေးစိတ် စိစစ်တင်ပြချက်များအပေါ် သက်ဆိုင်ရာဦးစီးဌာနများက ထပ်မံစိစစ်တင်ပြချက်အရ တည်ဆောက်ရေးငွေလုံးငွေရင်းခေါင်းစဉ်အောက်မှာ ထည့်သွင်းလျာထား ရတာ ဖြစ်ပါတယ်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှာ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဦးစားပေးအစီအစဉ်အရ အခြေခံပညာကျောင်း စုစုပေါင်း (၁၅၁)ကျောင်းမှာ အန္တရာယ်ရှိကျောင်းဆောင်များ ဖျက်သိမ်းပြီး ကျောင်းဆောင်သစ် ဆောက်လုပ် ခြင်း၊ ဥပဓိရုပ်ကောင်းအောင် ပြုပြင်မွမ်းမံခြင်း၊ ကျောင်းသားဦးရေအရ ကျောင်းဆောင်သစ် တိုးချဲ့ ဆောက်လုပ်ခြင်း အစရှိတဲ့ လိုအပ်တဲ့လုပ်ငန်းများအတွက် ရန်ပုံငွေ ကျပ်သန်း(၄၀၉၅.၂)သန်းကို လျာထားခဲ့ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်အတွင်းမှာ အခြေခံပညာကျောင်း (၁၁)ကျောင်းအတွက် ကျောင်းဆောင်သစ် ဆောက်လုပ်ဖို့ ရန်ပုံငွေကျပ်(၂၉၁.၆၁)သန်းကို ဦးစားပေး အစီအစဉ်အရ လျာထားခဲ့ပြီး ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရေဖြူမြို့နယ် အခြေခံပညာအထက်တန်းကျောင်းမှာ ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

တတိယမေးခွန်းအနေနဲ့တော့ ကျွန်တော်တို့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးကျော်ကျော်မေးမြန်းထားတဲ့ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ် ပျားတဲတိုက်နယ်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ကျွန်တော်က ဆက်လက်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခမ်ဆွင်းမုန် ရဲ့ မေးခွန်းကို ဖြေကြားချက်မှာ ကျွန်တော် တင်ပြပြီးဖြစ်တဲ့အတိုင်း ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းအဆင့်များ တိုးမြှင့်ပေးရာမှာ ကျောင်းသားဦးရေ၊ နယ်မြေဒေသအခြေအနေတို့အပေါ် မူတည်ပြီး မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး ပြည်နယ်အဆင့်တို့မှ အဆင့်ဆင့် အသေးစိတ် စိစစ်တင်ပြချက်အပေါ်မှာ သက်ဆိုင်ရာဦးစီးဌာနတွေရဲ့ ထပ်မံစိစစ်တင်ပြမှုအရ ကျောင်းများကို အဆင့်တိုးမြှင့်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလို ကျောင်းတွေကို အဆင့်တိုးမြှင့်ဖို့ ဆောင်ရွက်ရာမှာ သက်ဆိုင်ရာ ဦးစီးဌာနများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးရုံးများရဲ့ စိစစ်တင်ပြမှုအရ ဦးစားပေးအစီအစဉ်အလိုက် စိစစ်ရွေးချယ်ပြီး၊ ပညာသင်နှစ် တစ်နှစ်မှာ(၁)ကြိမ် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်းနှင့် လုပ်ငန်းသဘာဝအရ ကျောင်းအဆင့် တိုးမြှင့်ပေးခြင်းနှင့်အတူ လစ်လပ်လာမယ့် နေရာများအတွက် ဆရာ/ဆရာမတွေ ပြောင်းရွှေ့ဖြည့်ဆည်းပေးရခြင်း၊ လိုအပ်တဲ့ ရာထူးများတိုးမြှင့် ခန့်ထားရခြင်းတို့ကို ဆောင်ရွက်ရတာဖြစ်တဲ့အတွက် ပညာသင်နှစ် တစ်နှစ်အတွင်းမှာ ကျောင်းအဆင့် တိုးမြှင့်မှုတွေကို တစ်ကြိမ်ထက် ပိုမိုပြီးဆောင်ရွက်မယ်ဆိုရင် သင်ကြားသင်ယူမှုအပိုင်းမှာ ထိခိုက်မှုများရှိလာနိုင်တဲ့အတွက် တစ်နှစ်မှာတစ်ခါ စုစည်းဆောင်ရွက်ခြင်း ဖြစ်ရပါတယ်ဆိုတဲ့အကြောင်းကိုလည်း ကျွန်တော် ထပ်မံရှင်းလင်း တင်ပြလိုပါတယ်။

၂၀၁၃-၂၀၁၄ ခု၊ ပညာသင်နှစ်မှာ ရခိုင်ပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်အရ အခြေခံပညာကျောင်း စုစုပေါင်း (၃၂၃)ကျောင်းကို အဆင့်အသီးသီး တိုးမြှင့်ပေးခဲ့ပါတယ်။ ဒီလို တိုးမြှင့်ပေးရာမှာ မြောက်ဦးမြို့နယ်အတွင်းမှာ အခြေခံပညာကျောင်း စုစုပေါင်း(၁၈)ကျောင်းကို အဆင့်တိုးမြှင့်ပေးခဲ့ပြီးဖြစ်တဲ့အတွက် မြောက်ဦးမြို့နယ်၊ ပျားတဲတိုက်နယ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းကို အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြင်ဆင်ချက်မရှိ အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့လာသော မျက်စိလျှဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီက ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးအောင်ကြည်ညွန့် (ဥပဒေကြမ်းကော်မတီဝင်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ကော်မရှင်အဖွဲ့ဝင်များအားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ကြည်ညွန့် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏
မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၃-၁၀၄
ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ( ၁ ) ရက်

၁။ ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးခဲ့ပြီး ၁၈-၇-၂၀၁၃ ရက်နေ့မှာ ပြင်ဆင်ချက်မရှိ အတည်ပြု၍ ပေးပို့လာသော မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်တွင် ဆက်လက်ဆွေးနွေးဆောင်ရွက်နိုင်ရန်အတွက် ၁၈-၇-၂၀၁၃ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၉-၇-၂၀၁၃ ရက်နေ့တွင် အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ဤဥပဒေကြမ်းတွင် အပိုဒ်(၂)ခု ပါရှိပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုခဲ့သည့် မျက်စိလှူဒါန်းခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေ့လာစိစစ်ရာတွင် အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ်(၁)သည် မျက်စိလှူဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ အမည်ဖွင့်ဆိုချက် ဖြစ်ပါသည်။

(ခ) ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် ဥပဒေကြမ်းအပိုဒ်(၂)တွင် မျက်စိဆေးရုံ ဆိုသည့် စကားရပ်ကို ကျန်းမာရေးဦးစီးဌာန ဟု လည်းကောင်း၊ မျက်စိထုတ်ယူရေး ဆိုင်ရာသင်တန်းဆိုသည့် စကားရပ်ကို မျက်စိဘဏ် ကျွမ်းကျင်သူသင်တန်းဟု လည်းကောင်း မျက်ကြည်လွှာ ဆိုသည့်စကားရပ်ကို မျက်စိ ဟုလည်းကောင်း ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(ဃ)နှင့် ပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)တို့၌ လုပ်ငန်းလိုအပ်ချက်အရ အစားထိုးထားကြောင်း လေ့လာတွေ့ရှိရပါသည်။

ကော်မတီ၏သဘောထားမှတ်ချက်

၃။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော မျက်စိလှူဒါန်းခြင်း ဆိုင်ရာဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းသည် လုပ်ငန်းလိုအပ်ချက်အရ စကားရပ် အစားထိုးခြင်း

ဖြစ်သဖြင့် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ထပ်မံပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ခြင်း မရှိပါ။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က သဘောတူ အတည်ပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့ လာသော မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီး ပေးပို့ လာသော မျက်စိလျှုဒါန်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြ၍ လက်မှတ်ရေးထိုးပြီး ၅-၈-၂၀၁၃ (တနင်္လာနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၇)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသား လွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့ကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၅ ရက် (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၁း၀၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို (၁၁း၀၆)နာရီအချိန်တွင် ရပ်နားပါသည်။]